သာစည်မြို့နယ်
ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ

# ကျောင်းကြီး ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောင်းကြီး ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်       လ

မာတိကာ


မာတိကာ ၂

စကားချီး ၄

သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ **သယံဇာတပြမြေပုံ** ၅

သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၆

သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ **ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

၁. နိဒါန်း

(က) ရည်ရွယ်ချက် ၈

( ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု ၈

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၉

၂. ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၀

၃. ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ ၁၁

(ခ) စီးပွားရေးအခြေအနေ– ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁

(ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု အခြေအနေ ၁၂

(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၂

(င) ပညာရေးနှင့် ကျွမ်းကျင်မှု ၁၃

(စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု ၁၃

၄. ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၁၄

(ခ) စိုက်ပျိုးရေးနှင့် သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၄

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ၁၅

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၅

(င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၅

(စ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၆

(ဆ) သောက်သုံးရေ ရရှိမှုနှင့် သန့်ရှင်းမှု ၁၆

(ဇ) ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၆
(ဈ) လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား ၁၆
(ည) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု ၁၇
(ဋ) လျှပ်စစ်မီးသုံးစွဲမှု အခြေအနေ ၁၇
(ဌ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အခြေအနေ ၁၈
(ဍ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေ ၁၈

၅. ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၈
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉

၆. ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ
(က) ရည်ရွယ်ချက် ပန်းတိုင် ၁၉
(ခ) ဖွံ့ဖြိုးရေးဗျူဟာ ၁၉

၇. ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀

၈. ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ
(က) နှစ်စဉ်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ် ၂၂
(ခ) ဦးစားပေး စီမံချက်များ ၂၂
(ဂ) ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဇယား ၂၃
(ဃ) နှစ်အလိုက်ဦးစားပေးစီမံချက်များ ဇယား ၂၄

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၂၅
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ (၄၈) ဇယား ၂၆
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုဇယား ၇၀

# စကားချီး

ကျောင်းကြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅) နှစ်တာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လည်း ကောင်း၊ လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူး အား လည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲ ရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်း ဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး စီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ ဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောင်းကြီးကျေးရွာ၊ သာစည်မြို့နယ်

သာစည်မြို့နယ်၊ ညောင်ရမ်းဈေး ကျေးရွာအုပ်စု၊ ကျောင်းကြီး ကျေးရွာ၏ **သယံဇာတပြမြေပုံ**



သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်**



သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ**



## အပိုင်းက

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁. နိဒါန်း

### ၁. (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### ၁. (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်

တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁. (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်

လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂. သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ တည်နေရာ၊ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### ၂.(က) တည်နေရာနှင့် ပထဝီအနေအထား

ကျောင်းကြီးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ညောင်ရမ်းတိုက်နယ်၊ ညောင်ရမ်းဈေးကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ သာစည်မြို့မှ တောင်ဘက် (၈) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျောင်းကြီးကျေးရွာ၏ အရှေ့ဘက် တွင် လယ်ယာမြေများ ဝန်းရံထားပြီး အရှေ့ဘက် (၁) မိုင်ခန့် အကွာတွင် ဖျောက်ဆိတ်ကုန်း ကျေးရွာ၊ အရှေ့မြောက်ဘက် (၁)မိုင် ခန့်တွင် ကျို့ပင်သာကျေးရွာ၊ တောင်ဘက် ၁မိုင် ၄ ဖာလုံခန့်တွင် မင်းကန်ကုန်း ကျေးရွာတို့ တည်ရှိပါသည်။ အနောက်ဘက် တွင် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးရှိပြီး အုပ်စုတွင်းကျေးရွာဖြစ်သော မင်္ဂလာကွက်သစ် ကျေးရွာနှင့် ကပ်လျက်တည်ရှိပါသည်။ ရွာ၏ တောင် ဘက်တွင် ညောင်ရမ်းတိုက်နယ်၏ အ.ထ.က (ညောင်ရမ်း) ကျောင်း၊ ရဲကင်းနှင့် ဘူတာရုံတို့ တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပါသည်။

### ၂.(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျောင်းကြီးကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးမြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားရပါသည်။ ညောင်ရမ်းကန် ရေသွင်းမြောင်းမှ ပေ (၃၀၀) ခန့် ကွာဝေးပြီး ဆည်ရရှိမှုမှာ နည်းပါး၍ မလုံလောက်ပါ။

အပူပိုင်းမိုးနည်းဒေသဖြစ်၍ အရိပ်ရပင်များဖြစ်သော ထနောင်း၊ မန်ကျည်း၊ ကုက္ကို စသည့်အပင်များ ပေါက်ရောက်ပါသည်။ သဘာဝ တိရစ္ဆာန်များအနေဖြင့် စာကလေး၊ဆက်ရက်၊ ကျီးကန်း၊ ဗျိုင်း၊ ခို၊ တောက်တဲ့၊ မြွေ စသည်တို့အား တွေ့ရှိရပါသည်။

## ၃. ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## ၃. (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ

ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကွက်သစ်ကျေးရွာသည် တိုးချဲ့ကွက်သစ် ကျေးရွာလေး (၁) ရွာ ဖြစ်ပြီး ဝန်ထမ်းများ၊ အငြိမ်းစား ပင်စင်စားများ အခြေချ နေထိုင်ရာ ရွာလေး ဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ခြေ (၈၄) အိမ်၊ လူဦးရေ (၃၂၁) ဦး ရှိပါသည်။ ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကလေး ၁.၈%၊ ငါးနှစ်အောက် ကလေးငယ် ၄%၊ မူလတန်း ကျောင်းသားအရွယ် ၉%၊ အလယ်တန်းကျောင်းသားအရွယ် ၅.၆%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၇၄.၄% နှင့် သက်ကြီးရွယ်အို ၄.၉% ရှိပါသည်။ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ ၃.၈ နှုန်းဖြစ်ပြီး မြန်မာနိုင်ငံတစ်အိမ်ထောင် ပျမ်းမျှလူဦးရေ စံနှုန်း (၅) ဦးအောက် အတော်လျော့နည်းသည်ကို တွေ့ရှိရပါသည်။

## ၃. (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှု နှင့် မမျှတမှု

ကျောင်းကြီးကျေးရွာသည် တိုးချဲ့ကွက်သစ် ကျေးရွာလေး တစ်ရွာဖြစ်ပြီး ညောင်ရမ်း တိုက်နယ်၏ အ.ထ.က ကျောင်း၊ တိုက်နယ်ဆေးရုံနှင့် ဘူတာရုံတို့ ရှိသောကြောင့် အစိုးရဝန်ထမ်းများ၊ အငြိမ်းစားပင်စင်စား ဝန်ထမ်းများသည် ကျောင်းကြီးကွက်သစ် ကျေးရွာတွင် အခြေချ နေထိုင်ကြ ပါသည်။ ဝန်ထမ်းနှင့် အငြိမ်းစားပင်စင်စားများသည် ကျေးရွာအိမ်ထောင်စု၏ ၃၀% ခန့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု ၂၈% ခန့်သာရှိပါသည်။ အိမ်ထောင်စု ၅၄%ခန့်သည် ဆံပင်ရှင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဆံပင်ပွဲရုံလုပ်ငန်းကြီးအဖြစ် တည်ထောင်လုပ်ကိုင်သော အိမ်ထောင်စု (၃) စုခန့်ရှိပါသည်။ ဆံပင်လုပ်ငန်းသည် လုပ်ငန်းတွင်ကျယ်ပြီး ဝင်ငွေအဆင်ပြေသည်။ ကုန်စုံဆိုင် ဈေးသည်များ၊ အထည်ရောင်းခြင်း၊ စက်ချုပ်ဆိုင်များ၊ ဓါတ်ပုံဆိုင်၊ နို့ချက်ခြင်း၊ ဆိုင်ကယ် ဝပ်ရှော့၊ ဝရိန်ဆိုင်၊ စသည့် လုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။

ဥစ္စာဓနအဆင့်သတ်မှတ်ရာ အဆင်ပြေသော အိမ်ထောင်စု ၁၆%၊ အလယ်အလတ် အိမ်ထောင်စု ၁၅%၊ မပြေလည်သော အိမ်ထောင်စု ၃၆% နှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု ၂၃% ဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရင်း

အခြား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုလည်း တွဲဘက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ နေ့စား၊ ကျပန်းလုပ်ကိုင်ကြသူများဖြစ်ပြီး လုပ်ငန်းခွင် မဝင်နိုင်သေးသော ကျောင်းသား/သူများ များနေသော အိမ်ထောင်စုများဖြစ်ပါသည်။ တောင်သူအများစုမှာ အလယ်အလတ် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ပါသည်။

## ၃. (ဂ) ဆင်းရဲနွမ်းပါးမှု၊ ထိခိုက်လွယ်မှု အခြေအနေ

ကျေးရွာတွင် ဆင်းရဲချမ်းသာ ကွာဟမှု နည်းပါးပါသည်။ ကိုယ်ပိုင်လုပ်ငန်းရှိသူများ ဆံပင်ကိုယ်ပိုင် လုပ်ကိုင်သူ၊ စျေးသည်၊ ကုန်သည်များ အဆင်ပြေကြပါသည်။ ဝန်ထမ်းများမှာ အဓိကလုပ်ငန်းအပြင် အခြားဝင်ငွေရ လုပ်ငန်း ဖြစ်သော ဆံပင်ရှင်းခြင်း၊ စျေးရောင်းခြင်း စသည်တို့အား တွဲဘက် လုပ်ကိုင်ကြ၍ အလယ်အလတ် အဆင်ပြေကြပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများလည်းရှိပြီး နေ့စားကျပန်း လုပ်ကိုင်ကြသူများလည်းရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးမြေ နည်းပါး၍ စိုက်ပျိုးရေ အနည်းငယ် ရှားပါးသော်လည်း တောင်သူများအား ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။

အိမ်ထောင်စု အဆင့် (၃) နှင့် (၄) ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၁၆) စုတွင် ငွေချေးယူခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ အများစုမှာ နေ့စားအလုပ်သမားများဖြစ်ပြီး စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ချေးယူကြရပါသည်။ မိမိလုပ်ငန်းတွင် အသုံးပြုရန် ချေးယူသူ အနည်းငယ်သာ ရှိပါသည်။ ဆွေမျိုးနှင့် ငွေတိုးပေးသူထံမှ ချေးယူကြပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူကြပါသည်။

မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၃) ဦးရှိပါသည်။ (၂) ဦးမှာ အိမ်ပိုင်ဝိုင်းပိုင် ဖြစ်ပြီး အိမ်နီးချင်းများမှ စားဝတ်နေရေး ထောက်ပံ့ပေးပါသည်။ (၁) ဦးမှာ ထင်းခုတ်ရောင်း လုပ်ကိုင်ပြီး ဆွေမျိုးအချို့နှင့် ကျေးရွာအသိအချို့မှထောက်ပံ့ပေးပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၁၅ စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၅) စု ရှိပါသည်။

## ၃. (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် မိုးတွင်းကာလ၌ ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ကလေးများတွင် ဖြစ်ပွားလေ့ ရှိသော်လည်း ကုသမှု လက်လှမ်းမီသော်ကြောင့် ပျံ့နှံ့မှု၊ ထိခိုက်မှု

နည်းပါသည်။ လူကြီးရောဂါများဖြစ်သော ဆီးချိုရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားသူများလည်း ရှိပါသည်။ လူကြီးများတွင် သွေးတိုးရောဂါခံစားရသူပိုများပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ ပုံမှန် ထိုးနှံပေးပါသည်။ မူလတန်းကျောင်းသား/ သူများအတွက် အာဟာရတိုက်ကျွေးမှု အစီအစဉ်များ မရှိပါ။ အာဟာရချို့တဲ့သည့် ရောဂါ ခံစားရသည့် ကလေးငယ်များ မရှိပါ။

## ၃. (င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းတက်နှုန်း အနေဖြင့် မူလတန်း အဆင့်မှသည် တက္ကသိုလ် အဆင့်ထိ တက်ရောက်သင်ယူနိုင်ကြပါသည်။ စာတတ်မြောက်မှု အနေဖြင့် မူလတန်းအဆင့်သည် ကျေးရွာလူဦးရေ၏ ၆.၂ %၊ အလယ်တန်းအဆင့် သည် ၃၂.၇%၊ အထက်တန်း အဆင့် ၁၄.၆% နှင့် အထက်တန်းအဆင့် ၁၄.၆% ရှိပြီး စာမတတ်သူ ၆.၂% ရှိပါသည်။ စာမတတ်သူများ မှာ သက်ကြီးရွယ်အိုများဖြစ်ပြီး ရှေးယခင်က ပညာရေးကို အားမပေးသောကြောင့် ဖြစ်ပါသည်။ အလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူအများဆုံးဖြစ်ပြီး တက္ကသိုလ်/ ဘွဲ့ရများလည်း အများ အပြား ရှိပါသည်။ ကျေးရွာတွင် အ.ထ.က ကျောင်းရှိသောကြောင့် ကျောင်းတက်ရန် အခက်အခဲမရှိ၍ ကျောင်းထွက်နှုန်း နည်းပါးပါသည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်ပြီး မူလတန်း ကျောင်းထွက်နှုန်း မရှိပါ။ စက်ချုပ်၊ ကွန်ပျူတာစာစီ၊ စာရိုက်၊ ဓါတ်ပုံထုတ်ခြင်း၊ နို့ချက်ခြင်း၊ ဆိုင်ကယ် ပြင်ခြင်းနှင့် ဝရိန်လုပ်ငန်း စသည့် လုပ်ငန်း ကျွမ်းကျင်သူများ ရှိပါသည်။

## ၃. (စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု

ကျားမဆိုင်ရာ ကွာဟမှု နည်းပါးပါသည်။ စာတတ်မြောက်မှုတွင် စာမတတ်သူဦးရေမှာ အမျိုးသမီးဦးရေက ပိုများသည်ကို တွေ့ရှိရပါသည်။ ကျောင်းတက်နှုန်းတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားခြင်းမျိုး မရှိဘဲ ပညာရေးကိုအားပေး၍ ကျောင်းတက်ခွင့် ရကြပါသည်။ လုပ်အားခ နှုန်းထားများမှာ ကျားမ တန်းတူရရှိပါသည်။ လုပ်ငန်းအမျိုးအစားအလိုက် လုပ်အားခ အနည်း၊ အများ ကွဲပြားသွားပါ သည်။ ကျေးရွာအမျိုးသမီးများသည် ရှေးမိရိုးဖလာ အစဉ်အလာအတိုင်း အိမ်မှုကိစ္စများတွင်သာ ဆောင်ရွက်ကြသော်လည်း ယခုအခါ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာကြပါသည်။ အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးထားသော်လည်း မိရိုးဖလာ အစဉ်အလာအတိုင်း အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုပိုင်းတွင် ပါဝင်မှု မရှိသေးပါ။ အမျိုးသမီးများ ဘဝလုံခြုံမှု အပြည့်အဝ ရရှိကြပါသည်။

## ၄.		ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

## ၄. (က)		ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှုစနစ်

ကျေးရွာ အခြေပြုအသင်းများမှာ အရန်မီးသတ်၊ ဓမ္မစကြာအသင်း၊ သာရေး၊ နာရေး အသင်း စသည်ဖြင့် (၃) သင်းရှိပါသည်။ အသင်းတိုင်းသည် စည်းလုံး၍ လုပ်ငန်းဆောင်ရွက်မှုများ ကောင်းပါသည်။ ပိုမိုပူးပေါင်း ပါဝင်နိုင်စေရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်းမှတ်ရာ စနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန် လိုပါမည်။ အရန်မီးသတ်တပ်ဖွဲ့ ရှိသော်လည်း မီးငြိမ်းသတ် ပစ္စည်းများ မပြည့်စုံ၍ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၄. (ခ)		လယ်ယာစိုက်ပျိုးရေးနှင့် သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၂၈%) ခန့် သာရှိပါသည်။ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး စိုက်ပျိုးမြေကေမှာ ၄၆ ကေ ရှိပါသည်။ ယာမြေများမှာ မြေဆီလွှာ အရည်အသွေး မကောင်းပါ။ ညောင်ရမ်းကန်ဆည်မှ ရေထုတ်မြောင်းနှင့် ပေ (၃၀၀) ခန့် အကွာတွင် လယ်မြေများ တည်ရှိသောကြောင့် ရေသွင်းမြောင်းမှ စိုက်ပျိုးရေအား လုံလောက် စွာ မရရှိပါ။ မိုးရေကိုသာ အားထားရပါသည်။ စိုက်ပျိုးမြေမှာ လယ်မြေများ ဖြစ်သောကြောင့် လယ်ယာ သီးနှံဖြစ်သော စပါးကို အားထားစိုက်ပျိုးပါသည်။ အခြားစိုက်ပျိုးသော သီးနှံများမှာ ကုလားပဲ၊ နှမ်း၊ ဝါ၊ ပြောင်း စသည်တို့အား ရာသီအလိုက် စိုက်ပျိုးကြပါသည်။ ကုလားပဲနှင့် နှမ်းမှာ အမြတ်ရရှိမှု အများဆုံးဖြစ်ပါသည်။ သီးနှံများကို ဈေးနှုန်းမှန်ကန်စွာ ဖြင့် မရောင်းချနိုင်သောကြောင့် တောင်သူများ ထိခိုက်နစ်နာပါသည်။ ဥယျာဉ်ခြံမြေတွင် သရက်စိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်သူလည်း ရှိပါသည်။

တောင်သူများအနေဖြင့် လယ်မြေကေပိုင်ဆိုင်မှု နည်းပါးပြီး ၂.၅ ကေအောက် ပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၀) နှင့် ၂.၅ ကေနှင့် ၅ ကေ ကြား ပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၄) စု သာရှိပါသည်။ လယ်ယာသုံး စက်ကိရိယာ ပိုင်ဆိုင်မှု မရှိပါ။ နီးစပ်ရာ ကျေးရွာမှ ငှားရမ်းသုံးစွဲကြပါသည်။ မျိုးကောင်းမျိုးသန့် မျိုးစေ့များ လွယ်ကူစွာ မရရှိနိုင်ပါ။ သဘာဝ မြေဆွေး၊ အော်ဂဲနစ်မြေဩဇာများ လည်း အလွယ်တကူမရရှိပါ။ လုပ်သားရှားပါးပါသည်။ နည်းပညာဝန်ဆောင်မှုများလည်း လုံးဝမရပါ။

မွေးမြူရေးအနေဖြင့် နွားကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြပြီး ဝက်၊ ကြက်ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့်ရှိ ပါသည်။ ရေ၊ မျိုးကောင်းမျိုးသန့်၊ ချေးငွေ၊ သွင်းအားစုများနှင့် နည်းပညာဝန်ဆောင်မှုတို့ လက်လှမ်း

မိနိုင်ပါသည်။ မွေးမြူရေးအား မိရိုးဖလာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး စီးပွားဖြစ် လုပ်ကိုင်သူများ မရှိပါ။

## ၄. (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ

ကျေးရွာတွင် ဝန်ထမ်းနှင့် အငြိမ်းစားပင်စင်စားများသည် ကျေးရွာအိမ်ထောင်စု၏ ၃၀% ခန့်ရှိပါသည်။ အိမ်ထောင်စု ၅၄% ခန့်သည် ဆံပင်ရှင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဆံပင်ပွဲရုံ လုပ်ငန်းကြီးအဖြစ် တည်ထောင်လုပ်ကိုင်သော အိမ်ထောင်စု (၃) စုခန့်ရှိပါသည်။ ဆံပင်လုပ်ငန်းသည် လုပ်ငန်းတွင်ကျယ်ပြီး ဝင်ငွေအဆင်ပြေသည်။ ကုန်စုံဆိုင် ဈေးသည်များ၊ အထည်ရောင်းခြင်း၊ စက်ချုပ်ဆိုင်များ၊ ဓါတ်ပုံဆိုင်၊ နို့ချက်ခြင်း၊ ဆိုင်ကယ် ဝပ်ရှော့၊ ဝရိန်ဆိုင်၊ စသည့် လုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။

အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝမရပါ။ အသက်မွေးဝမ်းကျောင်း ပညာအနေဖြင့် ကျွမ်းကျင်စွာတတ်မြောက်သူ နည်းပါးပါသည်။

## ၄. (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှု

လယ်ယာစိုက်ပျိုးမြေများတွင် ဓါတုဆေးဝါးများ သုံးစွဲမှုကြောင့် လည်းကောင်း၊ မိုးနည်းရေရှားဒေသဖြစ်သောကြောင့် လည်းကောင်း မြေဆီသြဇာအရည်အသွေးမှာ ညံ့ဖျင်းပါသည်။ စိုက်ပျိုးရေ အရင်းအမြစ်မှာ ဆည်ရေရှိသော်လည်းလုံလောက်စွာ မရရှိသောကြောင့် မိုးရေကိုသာ အားထားစိုက်ပျိုးရပါသည်။ ကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု တွင်းထွက်ပစ္စည်းများ မထွက်ရှိပါ။ စွန့်ပစ်အမှိုက်များအား ကျေးရွာအနီးတွင် မီးရှို့သောကြောင့် ကျေးရွာတွင်း လေထုညစ်ညမ်းရပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာစနစ်၊ အသိအမြင်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လိုအပ်ပြီး စနစ်တကျ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

## ၄. (င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူ ကြပါသည်။ စိုက်ပျိုးရေးနှင့် အခြားဝင်ငွေရ အလုပ်အကိုင်များအနေဖြင့် သမဝါယမ ချေးငွေအား ချေးယူ ကြပါသည်။ သမဝါယမချေးငွေ ယူဆောင်သူ အိမ်ထောင်စု ၃၀ ခန့် ရှိပါသည်။ နေ့စားအလုပ်သမား များသည် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဆွေးမျိုးနှင့် ငွေတိုးပေးသူများထံမှ ချေးယူကြရပါသည်။ မိမိလုပ်ငန်းတွင် အသုံးပြုရန် ချေးယူသူ အနည်းငယ်သာ ရှိပါသည်။ အတိုးနှုန်းမှာ

၅% မှ ၁၀% ထိ ဖြစ်ပါသည်။

## ၄. (စ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးလက်ကျန်းမာရေးဌာနနှင့် နီးသောကြောင့် ကာကွယ်ဆေးများ ပုံမှန်လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာအုပ်စုတွင်းတွင် ညောင်ရမ်းတိုက်နယ်ဆေးရုံရှိပါသည်။ တိုက်နယ်ဆေးရုံတွင် အခန်း ကုတင်လုံလောက်မှု ရှိပါသည်။ တိုက်နယ် ဆရာဝန် လိုအပ်ပါသည်။ သာစည်–ညောင်ရမ်းလမ်းမှာ ကျောက်ချောလမ်း ဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး သာစည်မြို့နယ်ဆေးရုံသို့လည်း သွားရောက်၍ ဆေးကုသမှုလက်လှမ်းမီပါသည်။ ကျေးရွာအနီး ညောင်ရမ်းတိုက်နယ်ထဲတွင် ဆေးဆိုင်ရှိပါသည်။

## ၄. (ဆ) သောက်သုံးရေ ရရှိမှုနှင့် သန့်ရှင်းမှု

ကျေးရွာတွင် သောက်သုံးရေသုံးစွဲမှု အနေဖြင့် အဝီစိတွင်းစက်တပ် (၄၅) ခု နှင့် တုံကင်တွင်း (၆) တွင်း ရှိပါသည်။ ရေငန်တွင်းများဖြစ်ပြီး ရေချိုအား ကျေးရွာအပြင်ဘက် တုံကင်တွင်းတွင် သွားရောက်ခပ်ယူကြပါသည်။ သောက်သုံးရေ လုံလောက်မှု ရှိပါသည်။ အိမ်ထောင်စုအားလုံး ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲကြပြီး အခြေခံ ကျန်းမာရေး အသိပညာ ဗဟုသုတ ရှိကြပါသည်။

## ၄. (ဇ) ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျောင်းကြီးကျေးရွာတွင် အ.ထ.က (ညောင်ရမ်း) ကျောင်းရှိပါသည်။ ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာများမှ လာရောက် တက်ရောက်ကြပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၅) ဆောင် ရှိပါသည်။ (၅၄၀၀) စတုရန်းပေ ကျယ်ဝန်းသောကျောင်းဆောင် (၃) ဆောင်၊ (၅၇၀၀) စတုရန်းပေ ကျယ်ဝန်းသော ကျောင်းဆောင် (၁) ဆောင်နှင့် (၁၁၆၁၆) စတုရန်းပေ ကျယ်ဝန်းသော (၂) ထပ် ကျောင်းဆောင် (၁) ဆောင် ရှိပါသည်။ စာသင်ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ လုံလောက်မှုတပါသည်။ ကျေးရွာအနေဖြင့် ပညာသင်ကြားရေးအဆင်ပြေလွယ်ကူ၍ ပညာရေးကို အားပေးပံ့ပိုးကြပါသည်။ ကျောင်းဆရာ/ ဆရာမနှင့် ကျောင်းသားဦးရေ လုံလောက်မှုတပါသည်။ ကျေးရွာတွင် အ.ထ.က ကျောင်းရှိသည့်အပြင် ကျောင်းဆရာ/ ဆရာမ (ငြိမ်း) များ အခြေချ နေထိုင်ကြသောကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲ မရှိပါ။

## ၄. (ဈ) လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား

ကျေးရွာလူငယ်များသည် ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပါဝင်ဆောင်ရွက် လေ့ရှိပါ

သည်။ လူငယ်များအတွက် အပန်းဖြေ နေရာ သီးသန့် မရှိပါ။ နှစ်စဉ်ကျင်းပလေ့ရှိသော ကျေးရွာနှင့် (၃) မိုင်ခန့် ဝေးသော ရွှေကူကြီးဘုရားပွဲသည် ကျေးရွာမှ အားထားသွားလာသော ပျော်ပွဲရွှင်ပွဲ တစ်ခုဖြစ်ပါသည်။ အားကစားအနေဖြင့် ဘောလုံးကန်ခြင်းအား စိတ်အားထက်သန်ကြ ပါသည်။ အားကစား အထောက်အကူပြု ပစ္စည်းများ မရှိပါ။ အမျိုးသမီးများသည် အားကစား လိုက်စားမှု နည်းပါးသည်ကို တွေ့ရသည်။ လူငယ်များအတွက် ပညာရေးကို အားပေးသော်လည်း စာကြည့်တိုက် ရှိပါ။ စာကြည့်တိုက် တည်ထောင်ရန် လိုအပ်ပါသည်။

## ၄. (ည) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။ ရေဆိုးထုတ်မြောင်းများတူးဖော်ရန်လည်း လိုအပ်ပါသည်။ ကျေးရွာချင်းဆက် လမ်းများမှာ ရွာ၏ အရှေ့မြောက်ဘက် ကျို့ပင်သာကျေးရွာသို့လည်းကောင်း၊ ရွာ၏ အရှေ့ဘက် ဖျောက်ဆိတ်ကုန်း ကျေးရွာသို့ လည်းကောင်း၊ ရွာ၏ တောင်ဘက် မင်းကန်ကုန်း ကျေးရွာသို့လည်းကောင်း ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း (၃) လမ်းရှိပါသည်။ လမ်းများမှာ ကျောက်ခင်းလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။ ကျောင်းကြီးကျေးရွာသည် ညောင်ရမ်းတိုက်နယ်အတွင်း တည်ရှိပြီး မြို့သို့သွားရန် ညောင်ရမ်း- သာစည်လမ်းသည် (၇) မိုင်ခန့်ရှိပြီး ကျောက်ခင်းလမ်း ဖြစ်ပါသည်။

**အ.ထ.က(ညောင်ရမ်း) စာသင်ကျောင်း အဝင်ပေါက် လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် ကျောင်းသား/ ကျောင်းသူများ သွားလာရ ခက်ခဲပါသည်။ အဆိုပါလမ်းသည် မီးရထားလမ်းနှင့် ကပ်လျက်အပြိုင်တည်ရှိပြီး မြန်မာ့မီးရထားဌာနပိုင်မြေတွင် ပါဝင်ခြင်းကြောင့် မီးရထား အဆင့်မြှင့်တင် စီမံကိန်းများ ဆောင်ရွက်ပါက ၎င်းမြေသားလမ်းသည် စီမံကိန်း ဧရိယာတွင် ပါဝင်နိုင်သောကြောင့် လမ်းအဆင့်မြှင့်တင်ခြင်းများ မဆောင်ရွက်နိုင်ပါ။ အဆိုပါ လမ်း၏ အရှေ့ဘက် ကျောင်းဝန်းနံရံနှင့် ကပ်လျက်တွင် လမ်းသစ်ဖောက်လုပ် တည်ဆောက်နိုင်ရန် မြန်မာ့မီးရထားဌာနအား မြေနေရာတင်ပြ တောင်းခံ၍ လမ်းတည်ဆောက်ခြင်းလုပ်ငန်းများ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။**

## ၄. (ဋ) လျှပ်စစ်မီးသုံးစွဲမှု အခြေအနေ

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး ဖြစ်သော်လည်း ၄၀၀ ဗို့အားလိုင်း ကြိုးများ၊ အမ်းများ၊ ကြွေသီးများ၊ တိုင်များမှာ လုံးဝ အဆင့်မှီခြင်းမရှိ၍ အနည်းငယ် အန္တရာယ်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တည်ဆောက်ပေးသော Transformer ရှိပြီး ရွာတွင်းလိုင်းအတွက် မီးကြိုး၊ ဓါတ်တိုင်များမှာ ငွေကြေးမလုံလောက်၍ စနစ်တကျ သွယ်တန်းထားခြင်း မရှိသည့်အတွက် ကျေးရွာစုပေါင်းအင်အားဖြင့် ပြန်လည် ပြင်ဆင်ရန် လိုအပ်ပါသည်။

## ၄. (ဌ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အခြေအနေ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများ၊ တီဗွီ၊ ရေဒီယို၊ ဂြိုလ်တုစလောင်းတို့မှ ဖမ်းယူရရှိပါသည်။ မိုဘိုင်းဖုန်းမှတဆင့် အင်တာနက်ချိတ်ဆက်အသုံးပြု၍ ဆိုရှယ်မီဒီယာ အသုံးပြုမှု များလည်း ရှိပါသည်။ ကျေးရွာတွင် ဖုန်း (၁၃၂) ခု၊ ရေဒီယို (၅၆) ခု၊ တီဗွီ (၆၈) ခု၊ ဂြိုလ်တု စလောင်း (၁၄) ခု တပ်ဆင် အသုံးပြုသည်ကို တွေ့ရှိရပါသည်။

ဆက်သွယ်သွားလာရေးအနေဖြင့် ဆိုင်ကယ် အသုံးပြုမှု များပါသည်။ ကျေးရွာတွင် ဆိုင်ကယ် (၉၂)စီး၊ ကား (၆) စီး၊ ထော်လာဂျီ (၁) စီး ရှိပါသည်။

## ၄. (ဍ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေ

ကျေးရွာလုံခြုံရေးအတွက် ရွာနှင့် (၁)ဖာလုံခန့်တွင် တိုက်နယ် ရဲစခန်းရှိပါသည်။ တယ်လီဖုန်းလိုင်းများ ဆက်သွယ်နိုင်ပြီး သတင်းအချက်အလက်များ လွယ်ကူစွာ ချိတ်ဆက် ဖြန့်ဝေနိုင်ပါသည်။ ရပ်ရွာမီးဘေးအန္တရာယ် လျှော့ချရေးအတွက် အရန် မီးသတ်တပ်ဖွဲ့ ရှိပါသည်။ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အထောက်အကူပြု ပစ္စည်းများ လုံလောက်စွာ မရှိပါ။ ဖြည့်တင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာသည် ရဲစခန်းနှင့် အနီးတဝိုက်တွင်ရှိခြင်း၊ ပညာတတ်များ ပေါများခြင်းတို့ကြောင့် မှုခင်း၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။

## ၅. ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

## ၅. (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ်မှု ကောင်းပြီး၊ လူထုပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိ၍ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန် ပါသည်။ စပါး၊ နှမ်း၊ ငရုတ်၊ ကုလားပဲ၊ ဝါ စသော သီးနှံများ ဖြစ်ထွန်းပါသည်။ မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်၊ ဆိတ်များ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ အလွယ်တကူ တင်ပို့ ရောင်းချ နိုင်ပါသည်။ ကျေးရွာတွင် ပညာတတ် လူငယ်များလည်း ရှိပါသည်။

## ၅. (ခ) အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်၌ အောက်ပါ အဟန့်အတား များ၊ စိန်ခေါ်မှုများရင်ဆိုင်ရပါသည်။ ယာလုပ်ငန်းတွင် ခြံစိုက်ပျိုးရေးကို ပြောင်းလဲ လုပ်ကိုင်လိုသော်လည်း နည်းပညာအားနည်းခြင်း၊ ကုန်ကျစရိတ် များပြားခြင်း၊ လုပ်သားအင်အား ရှားပါးခြင်းတို့ကြောင့် ခြံလုပ်ငန်း ဖွံ့ဖြိုးရန် အားနည်းနေပါသည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေမပြည့်စုံပါ။ မွေးမြူရေး သီးသန့် ချေးငွေ မရှိပါ။ ကျေးရွာအခြေပြု အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။

## ၆. ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ

## ၆. (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာတွင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင် ၅ ချက် ကို ရေးဆွဲထားပါသည် -

- (၁) စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး တိရစ္ဆာန် များ တိုးချဲ့မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်းဖြင့် မိသားစုများ ဝင်ငွေ တိုးလာ စေရမည်။
- (၂) အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက်အဦများ ဖွံ့ဖြိုး လာစေ ခြင်းဖြင့် ကျေးရွာလူမှုဘဝ တိုးတက်လာရမည်။
- (၃) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်လာရမည်။
- (၄) ကျေးရွာ၏ လူငယ်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာရမည်။
- (၅) ကျေးရွာ၏ အရောင်းအဝယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရမည်။

## ၆. (ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါ ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလား အလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်သွားရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း နည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့် မြေသြဇာ အသုံးပြု နည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံ ထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက် လုပ်ဆောင် သွားရမည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန် ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေး အထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ လစဉ် အဟာရ တိုက်ကျွေးခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များ စာပေဗဟုသုတ လက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများ ဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့် ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြင့်တင်ရေးလုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များ အားကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးရန်တို့ဖြစ်ပါသည်။

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်း၊ လယ်ယာကုန်ထုတ်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်နေသော်လည်း လျှပ်စစ်မီး မရယူနိုင်သေးသော အိမ်ထောင်စုများအား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

## ၇. ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာတွင်းစိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများရှိပြီး စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီး ပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာဌာနများမှ လိုအပ်သောနည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန်မူဝါဒများ၊ အစီအစဉ် များ ချမှတ်ရန်လိုအပ်မည်။ ထို့အပြင်ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်း မျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေး ပညာပေးဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင် ခြင်းများသည် အကြောင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များအား ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက်လျာထားချက်များ ထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/ သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစား မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေး ချေးငွေအစီအစဉ်များဆိုင်ရာ မူဝါဒများ ချမှတ်သင့် ပါသည်။

(ဂ) ကျေးလက်ဒေသရှိလူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာ လုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ၊ ပညာရေး အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များလိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံ ကျွမ်းကျင်မှု သင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင် ရန် လိုပါမည်။

## ၈.	ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်မည့်ကာလ

### ၈.(က)	နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော် လာချိန်တွင် စီမံကိန်း ငါးနှစ်တာ ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေး ပေါ်ကိစ္စများ နှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### ၈.(ခ)	ဦးစားပေးစီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက် များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

၈. (ဂ) သာစည်မြို့နယ်၊ ညောင်ရမ်းကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| ကျေးရွာတွင်းရွာလယ်လမ်းမအား ကွန်ကရစ်ခင်းခြင်း | ၁ |
| ကျေးရွာတွင်း/ ပြင် အုတ်စီ ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း | ၂ |
| ကျေးရွာတွင်းရှိ ကွဲ၊ နွား တိရစ္ဆာန် သောက်သုံးရေကန်အား ပြန်လည်တူးဖော်ခြင်း | ၃ |
| ကျေးရွာတွင်းကြားလမ်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း စသည်) | ၄ |
| ကျေးရွာတွင်း မီးတိုင်၊ မီးကြိုးများအား စံချိန်စံညွှန်းမီ ပြုပြင် ဆောင်ရွက်ခြင်း | ၅ |
| မီးသတ်ပစ္စည်းများ အစုံအလင် ဖြည့်တင်းတည်ထောင်ခြင်း (အသေးစား မီးသတ်စက်/ ပိုက်နှင့် ဆက်စပ်ပစ္စည်းများ) | ၆ |
| ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းစနစ် ဆောင်ရွက်ခြင်း | ၇ |
| စာကြည့်တိုက် တည်ထောင်ခြင်း | ၈ |
| အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ခြင်း | ၉ |
| ကျောင်းလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း စသည်) | ၁၀ |

၈. (ဃ) သာစည်မြို့နယ်၊ ညောင်ရမ်းကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ၏ နှစ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစား ပေးအဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|
| ကျေးရွာတွင်းရွာလယ်လမ်းမအား ကွန်ကရစ်ခင်းခြင်း | ၁ | Â | | | | |
| ကျေးရွာတွင်း/ ပြင် အုတ်စီ ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း | ၂ | Â | | | | |
| ကျေးရွာတွင်းရှိ ကန်၊ နွား တိရစ္ဆာန် သောက်သုံးရေကန်အား ပြန်လည်တူးဖော်ခြင်း | ၃ | | Â | | | |
| ကျေးရွာတွင်းကြားလမ်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း စသည်) | ၄ | | Â | | | |
| ကျေးရွာတွင်း မီးတိုင်၊ မီးကြိုးများအား စံချိန်စံညွှန်းမီ ပြုပြင် ဆောင်ရွက်ခြင်း | ၅ | | | Â | | |
| မီးသတ်ပစ္စည်းများ အစုံအလင် ဖြည့်တင်းတည်ထောင်ခြင်း (အသေးစား မီးသတ်စက်/ ပိုက်နှင့် ဆက်စပ်ပစ္စည်းများ) | ၆ | | | Â | | |
| ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းစနစ် ဆောင်ရွက်ခြင်း | ၇ | | | | Â | |
| စာကြည့်တိုက် တည်ထောင်ခြင်း | ၈ | | | Â | | |
| အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ခြင်း | ၉ | | Â | | | |
| ကျောင်းလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း စသည်) | ၁၀ | | | | | Â |

## အပိုင်း (ခ)	စီမံချက် ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၁)

### သာစည်မြို့နယ်၊ ညောင်ရမ်းကျေးရွာအုပ်စု၊ ကျောင်းကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်စိုး | ဦးထွန်းစိန် | ၉/စကတ(နိုင်) ၁၂၃၃၃၉ | ၆၃ | ဥက္ကဌ | ၀၉ ၄၀၂၇၂၀၄၅၄ |
| ၂ | ဦးစိုးလွင် | ဦးအောင်ခင် | ၉/စကတ(နိုင်) ၁၃၃၆၃၃ | ၄၈ | အတွင်းရေးမှူး | ၀၉ ၄၄၀၁၃၅၁၉၂ |
| ၃ | ဦးမြတ်မင်း | ဦးသိန်းမောင် | ၉/စကတ(နိုင်) ၁၂၄၇၀၀ | ၄၉ | ဘဏ္ဍာရေးမှူး | ၀၉ ၄၀၂၅၆၂၃၀၅ |
| ၄ | ဦးသန်းမောင် | ဦးဘိုကြီး | ၉/စကတ(နိုင်) ၀၃၁၈၁၉ | ၅၇ | အဖွဲ့ဝင် | ၀၉ ၇၆၂၅၆၅၄၅၀ |
| ၅ | ဦးဖော်ဖော် | ဦးမြသောင်း | ၉/စကတ(နိုင်) | ၄၅ | သော့ကိုင် | ၀၉ ၇၉၁၇၅၅၇၇၆ |
| ၆ | မစိုးစံဝင်း | ဦးစိုးလွင် | ၉/စကတ(နိုင်) ၁၈၁၈၃၆ | ၂၁ | စာရင်းကိုင် | ၀၉ ၆၈၃၇၃၉၁၄၀ |
| ၇ | မအိအိဖြူ | ဦးကျော်ဝင်း | ၉/စကတ(နိုင်) ၁၈၁၈၃၄ | ၂၀ | အဖွဲ့ဝင် | ၀၉ ၇၇၃၈၀၅၉၂၇ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၇ | ၆ | ၁၃ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၅ | ၂၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၁၀ | ၁၈ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၁ | ၁၂၈ | ၂၃၉ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၇ | ၁၆ |
| **စုစုပေါင်း** | | ၁၅၁ | ၁၇၀ | ၃၂၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၄ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စုဒနှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ညောင်ရမ်းဈေးကျေးရွာအုပ်စု၊ ကျောင်းကြီးကွက်သစ်ကျေးရွာသည် တိုးချဲ့ ကွက်သစ် ကျေးရွာလေး (၁) ရွာ ဖြစ်ပြီး ဝန်ထမ်းများ၊ အငြိမ်းစား ပင်စင်စားများ အခြေချနေထိုင်ရာ ရွာလေး ဖြစ်ပါသည်။ ကျေးရွာ၏လူဦးရေမှာ နို့စို့အရွယ်ကလေး ၁.၈%၊ ငါးနှစ်အောက် ကလေးငယ် ၄%၊ မူလတန်း ကျောင်းသားအရွယ် ၉%၊ အလယ်တန်းကျောင်းသားအရွယ် ၅.၆%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၇၄.၄% နှင့် သက်ကြီးရွယ်အို ၄.၉% ရှိပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၃.၈ နှုန်းဖြစ်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | ၅၂ | ၅ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၂၀ | ၃၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
